# Inya Economics

# ၂၀၂၁ခုနှစ် အာဏာသိမ်းမှုကြောင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်လာနိုင်ခြေများ

အကျပ်အတည်းကာလတွင် ပြည်သူများအတွက် အကြံပြုချက်များ

Commentary No.4

၅ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ခုနှစ်

၁။ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေကို ခြုံငုံသုံးသပ်ခြင်း

မြန်မာပြည်သူများသည် သီပေါမင်းပါတော်မူပြီးနောက်ပိုင်း အင်္ဂလိပ်ကိုလိုနီခေတ်မှစ၍ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော နိုင်ငံရေးအင်အားစုများဖြင့် နှစ်ပေါင်းများစွာ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ မည်သည့်ခေတ်၊ မည်သည့်အခါမှ လွတ်လပ်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းအရသာကို ဒီမိုကရေစီခေတ်ကာလများလောက် မခံစားခဲ့ရပေ။

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၀ခုနှစ်နောက်ပိုင်းတွင်မှသာ ပြန်လည်ရုန်းကန်လှုပ်ရှားနေရသည့် အခြေအနေဖြစ်သည်။ လက်ရှိအခြေအနေတွင်လည်း ဖွံ့ဖြိုးမှုနောက်ကျဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပါသေးသည်။ နှစ်ပေါင်းများစွာပိတ်ဆို့မှုများကို ခံစားခဲ့ရသော တိုင်းပြည်သည် ၂၀၁၀ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများစွာကို အစိုးရအဆက်ဆက်လုပ်ဆောင်နိုင်ခဲ့ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးသည် အခွန်အကောက်ရငွေထက် သဘာဝသယံဇာတ၊ လယ်ယာကုန်စည်အချို့နှင့် စက်မှုကုန်စည်အချို့အပေါ်တွင်မူတည်သည်။ ရန်ကုန်နှင့် မန္တလေးသည် တိုင်းပြည်စီးပွားရေး၏ ဗဟိုချက်မဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကို လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍ၃ခုခွဲခြားထားပါသည်။

လယ်ယာကဏ္ဍကြီးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများသည် အဓိကျသည်။ စက်မှုကဏ္ဍကြီးတွင်ဆောက်လုပ်ရေးနှင့် အထည်ချုပ်လုပ်ငန်းတို့မှာ အဓိကျသည်။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများမှာ အဓိကကျသည်။

၂။ ၂၀၂၁ခုနှစ် တပ်မတော်မှ အာဏာသိမ်းရခြင်း နောက်ခံအကြောင်းအရင်းအကျဉ်းချုပ်

ရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းများ မှားယွင်းမှုမှ စတင်ကာ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုပြဿနာသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီထွန်းကားမှုကို နောက်ပြန်ဆုတ်မှုဖြစ်စေခဲ့သည်။ တပ်မတော်၏ ထုတ်ပြန်ချက်များအရ မဲပေးခွင့်ရှိသူလူဦးရေတွင် မဲစာရင်းမှားယွင်းမှုဖြစ်နိုင်သည့် လူဦးရေမှာ ၂၇ရာခိုင်နှုန်းအထိ ရှိနေခြင်းသည် ရလာဒ်ကို လက်ခံရန် ခက်ခဲသည့် အဟန့်အတားကို အဓိက ဖြစ်စေခဲ့ပါသည်။

လက်ရှိအခြေအနေတွင်တပ်မတော်အနေဖြင့် အာဏာသိမ်းယူပြီးနောက် တပ်မတော်၏ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများအဖြစ် (၁)ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို

ပြည်လည်ဖွဲ့စည်းခြင်း၊ မဲစာရင်းစစ်ခြင်းနှင့် အခြားသောလုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကိုလုပ်ခြင်း၊ (၂) ကိုဗစ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်း၊ (၃) ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားခြင်း၊ (၄) ငြိမ်းချမ်းရေးကို NCAလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်ခြင်း၊ (၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲပြန်လည်ကျင်းပခြင်းနဲ့ နိုင်ငံတော်တာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်းကို ကြေညာချက်အမှတ်၁/၂၀၂၁ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။[1]

## ၃။ အာဏာသိမ်းခြင်းကြောင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်နိုင်ခြေများ

အာဏာသိမ်းမှုဖြစ်ရပ်ပြီး နောက်ရက်များတွင် ကာလတို စီးပွားရေးအပေါ်ရိုက်ခတ်မှုများ စတင်လာခဲ့သည်။ အာဏာသိမ်းသည့်ရက် ဖေဖော်ဝါရီရက် (၁) ရက်နေ့၊ ၂၀၂၁ခုနှစ်တွင် ဆက်သွယ်ရေးကွန်ယက်များယာယီ ပိတ်ထားခြင်းကြောင့် ဘဏ်လုပ်ငန်းများရပ်တန့်သွားခဲ့သလို၊ ရန်ကုန်စတော့အိပ်ချိန်းလည်း လည်ပတ်မှုများ ၂ ရက်ခန့် ရပ်နားခဲ့ရပြီး၊ စတော့ဈေးနှုန်းများမှာလည်း ဈေးအကျဘက်သို့ ရောက်သွားခဲ့သည်ဟု ယေဘုယျယူဆနိုင်ပါသည်။ တစ်ချိန်းတည်းတွင် လူထု၏ စိုးရိမ်မှတ်တက်လာပြီး၊ အခြေခံကုန်စည်ဖြစ်သည့် ရိက္ခာခြောက်များ ဝယ်ယူမှု စတင်လာခဲ့သည်။ စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း ကောလဟာလသတင်းများအနေဖြင့် ကျပ်(၁၀,၀၀၀)တန်နှင့် ကျပ်(၅၀၀၀)တန်ငွေကြေးများ ဖျက်သိမ်းမည့်သတင်းများလည်း ပြန့်နှံ့ခဲ့ပြီး ငွေရေးကြေးရေးဈေးကွက်ကို မတည်ငြိမ်မှုအချို့ဖြစ်ခဲ့ပါသည်။

အသွားအလာများနည်းပါးခြင်းကြောင့် ကုန်ပစ္စည်းဈေးကစားမှုများကိုဖြစ်စေပြီး၊ ဈေးကွက် ကမောက်ကမဖြစ်နိုင်ခြေသို့ တွန်းအားပေးနိုင်ပါသည်။ နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုကြောင့် မြန်မာ့ကုန်စည်များသည် ပြည်ပသို့ ရောင်းရနိုင်ခြေနည်းပါးပြီး၊ အဆိုပါကုန်စည်များကို ပြည်တွင်းဝယ်လိုအားမှ စုပ်ယူနိုင်ရန်လည်း ကိုဗစ်၏ သက်ရောက်မှုများကြောင့် ပြည်သူများမှာ စီးပွားရေး ကျပ်တည်းလျက်ရှိသည်။ အထင်ရှားဆုံးအနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် အရင်းအနှီးများ ထပ်မံဝင်ရောက်တော့မည် မဟုတ်သလို၊ လက်ရှိပြည်တွင်းတွင် ရှိနေပြီးသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက်လည်း များစွာ မရေရာမှုများကို ဖြစ်စေသည်။

တစ်ဖက်တွင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် အခြား ပိတ်ဆို့အရေးယူမှုများထပ်ထိုးလာမည်မှာ သေချာသလောက်ရှိပါသည်။ ယခင်က တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များကိုသာ ပစ်မှတ်ထား ပိတ်ဆို့ခဲ့ရာမှ ယခုအကြိမ်တွင်မူ တပ်မတော်နှင့်ပတ်သက်သည့် ဆက်စပ်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို ပို၍ပစ်မှတ်ထားလာနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ရင်နှီးမြှုပ်နှံမည့် ပြည်ပလုပ်ငန်းများအနေဖြင့်လည်း

ကြားညှပ်ပိတ်ဆိုခြင်းခံရနိုင်မည်ကိုစိုးရိမ်၍ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် လက်လျော့ကြမည်ဖြစ်ပါသည်။ ဤအချက်များမှာ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများမှတစ်ဆင့် ဖြစ်လာနိုင်သည့် အခြေအနေကို ဆန်းစစ်ချက်ဖြစ်ပါသည်။ ၂၀၂၁ခုနှစ်တွင်အသစ်တက်လာသည့် အမေရိကန်အစိုးရအနေဖြင့်လည်း ပိတ်ဆို့မှုများကိုလုပ်ရန် ပြောဆိုမှုများလည်း ရှိပါသည်[2]။ သို့သော်လည်း ယခင်အတွေ့အကြုံများအရ ပိတ်ဆို့မှုများကြောင့် မြန်မာပြည်သူများအတွက် ထိခိုက်နိုင်ခြေနှင့် စီးပွားရေးနာလန်မထူနိုင်သည့် အခြေအနေများဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်းရှိ ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် အနောက်နိုင်ငံများထက် အာရှနိုင်ငံများကပိုများသည်ကို တွေ့ရပါသည်။

ဖြေလျှော့မှုများနှင့်အတူ အကျိုးအမြတ်ဝေဆာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒများ ဆက်လက်ဖြစ်ထွန်းသင့်ပါသည်။ ပြည်သူများသည် လတ်တလော ကိုဗစ်ကြောင့် ပျက်ခဲ့၊ နားခဲ့ရသည့် အလုပ်များကို ကုစားရေးလည်းပူပန်နေရသည်။ လုပ်ငန်းရှင်များရော အလုပ်သမားသာမက လူတန်းစားအသီးသီး၏ စိတ်ပူပန်သောကသည် အင်မတန်မြင့်မားလျက်လည်းရှိသည်။ စီးပွားရေးသည် လူများ၏ အပြုအမူများနှင့် များစွာသက်ဆိုင်ပါသည်။ ကိုဗစ်ကြောင့်သာမက လက်တလောအခြေအနေများကြောင့်ပါ ၎င်းတို့ဘဝများအတွက် မျှော်လင့်ချက်မဲ့သွားသည့် လူငယ်များသည် အကျပ်အတည်းကြားတွင် ပါဝင်လာသည့်အတွက် ပိုကျပ်တည်းသည့် အခြေအနေဖြစ်ပြန်စေပြန်သည်။ နည်းပညာတံခါးပေါက်ဖွင့်ချိန်နှင့် လူငယ်အရွယ်လူဦးရေမှာ နိုင်ငံတွင် အများစုဖြစ်သည့်အပြင် ၎င်းတို့လူငယ်အစုအလိုက်သည် လွတ်လပ်မှုအယူအဆအပေါ်တွင် ဖက်တွယ်မှုကြီးမားသည်။ ခိုင်မာမှုမရှိသေးသည့်၊ တည်ဆောက်လတ္တံသော အစိုးရအဖွဲ့အစည်းများကို ဆက်လက်တွန်းအားပေးရေးသည် နိုင်ငံအတွက်အရေးကြီးသည်။ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်း၊ မီးကဲ့သို့သော အခြေခံအဆောက်အုံများထက်၊ ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်မှုကျဆင်းလာနိုင်သည့်အခြေအနေမှာ ပို၍ စိုးရိမ်ရမည့် အခြေအနေဖြစ်သည်။ လက်ရှိ အကျပ်အတည်းကြောင့် စီးပွားရေးအရ အားနည်းသွားနိုင်သည့်အချက်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအတွက်မူ အားသာချက်ဖြစ်စေပါသည်။ သို့သော် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများမှာမူ ဆက်လက်ဝင်ရောက်နိုင်သည်။ ဘက်ညီသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမော်ဒယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးတိုးတက်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍတွင်မူ အဓိကကျသည့်ကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ၂၀၂၀ခုနှစ် နိုဝင်ဘာလအထိ ကုန်သွယ်မှု (သွင်းကုန်၊ ပို့ကုန် နှစ်ခုပေါင်း) တန်ဖိုးသည် အမေရိကန်ဒေါ်လာ စုစုပေါင်း သန်း ၁၇၆၃ ဒေါ်လာရှိပါသည်[3]။ ယခုကဲ့သို့ အကျပ်အတည်း အခြေအနေတွင် တပ်မတော်အစိုးရနှင့်ပူးတွဲအလုပ်လုပ်နိုင်မည့် နိုင်ငံများမှာ ပြန်စဉ်းစားကြည့်လျှင်ပင်မြင်သာနိုင်သည်မှာ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ အချို့ပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏

အချက်အလက်များအရ၊ လက်ရှိ ရင်းနှီးမြှုပ်နှံမှု အချက်အလက်များတွင် နိုင်ငံအတွင်းအများဆုံး ရင်နှီးမြှုပ်နှံမှုပြုလုပ်ထားသည့်နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ဟောင်ကောင်တို့ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် စင်ကာပူ ၄၅%၊ တရုတ် ၁၄%နှင့် ဟောင်ကောင်၁၀%တို့ဖြင့် အများဆုံးရှိနေပါသည်[4]။ အထူးစီးပွားရေးဇုန်အောက်တွင်ရှိသော ရင်နှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများမှာ ဂျပန်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့ ဖြစ်သည်[5]။ ရာခိုင်နှုန်းအားဖြင့် ဂျပန် ၃၂.၃၆%၊ စင်ကာပူ ၃၀% နှင့် ထိုင်း ၁၂.၇% တို့ဖြင့် အများဆုံးရှိပါသည်။

တပ်မတော်၏ မြန်မာ့နည်း၊ မြန်မာ့ဟန် ဒီမိုကရေစီသည် အရင်းအမြစ်များခွဲဝေမှုတွင် မည်မျှအလုပ်ဖြစ်နိုင်သည်မှာ မည်သူမှ မခန့်မှန်းနိုင်ပေ။ ထို့ကဲ့သို့ အရင်းအမြစ်များကို မျှတထိရောက်စွာ မခွဲဝေနိုင်ပါက လူတန်းစားကွာဟမှုပြဿနာ၊ လူနေမှုအဆင့်အတန်းနိမ့်ကျမှု ပြဿနာနှင့် ရေရှည်တွင် ကျွမ်းကျင်သော လုပ်သားများရှားပါးမှုပြဿနာများကို ရင်ဆိုင်ရနိုင်ပြီး၊ တိုင်းပြည်၏ အထွေထွေကျပ်တည်းမှုကို ဖြစ်စေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ခရိုနီလူတန်းစားကို ထပ်မံမွေးဖွားနိုင်သည့် စီးပွားရေးလုပ်နည်း၊ လုပ်ဟန်များကို ထပ်မံ လက်ခံနိုင်လိမ့်မည်မဟုတ်ပေ။ ဘောဂဗေဒတွင် "မက်လုံး"သည် အရေးကြီးသည်။ တိုင်းပြည်အတွက် အင်အားဖြစ်စေသော အားထုတ်မှုတိုင်းနှင့် အဆိုပါအားထုတ်မှုများအား ကြိုးပမ်းအားထုတ်ကြသော နိုင်ငံတည်ဆောက်သူများအတွက် "မက်လုံး"သည် ထွန်းလင်းရပါမည်။ တိုင်းပြည်ကို အကျိုးပြုမည့် ထိုသို့သော မက်လုံးမျိုးအား မဖန်တီးနိုင်သည့် နိုင်ငံရေးစနစ်တွင် စီးပွားရေးတိုးတက်မှုအား မျှော်လင့်ခြင်းသည် စိတ်ကူးယဉ်မှု သက်သက်သာဖြစ်ပါလိမ့်မည်။

၄။ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့် သက်ဆိုင်သောအကြံပြုချက်များ

(က) ခြိုးခြံချွေတာခြင်းနည်းလမ်းကို အသုံးပြုပါ။ လူပုဂ္ဂိုလ်အလိုက်၊ အိမ်ထောင်စုအလိုက်၊ စီးပွားရေးလုပ်ငန်းအလိုက် ခြိုးခြံချွေတာခြင်းနှင့် စုဆောင်းခြင်းနည်းလမ်းများကို အသုံးပြုသင့်သည်။ သီအိုရီအရ (Saving=Investment)စုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းမှာ အတူတူပင်ဖြစ်သည်။ ငွေကြေးကဲ့သို့သော အရင်းအမြစ်များကို စုဆောင်းထားခြင်းသည် အခက်အခဲကာလများ ကျော်လွန်ပြီးနောက်တွင် ပြန်လည်ရုန်းကန်နိုင်ရန်အဆင်သင့်ဖြစ်စေသည်။ စုဆောင်းခြင်းနည်းလမ်းသည် တိုင်းပြည်၏ ဂျီဒီပီနှင့် စီးပွားရေးအဆောက်အအုံအတွက်လည်း အထောက်အပံ့ဖြစ်စေပါသည်။

(ခ) စီးပွားရေးသတင်းအမှန်များဖြစ်အောင် သတိပြုပါ။ ကောလဟာလများသည် ငွေရေးကြေးရေးစနစ်မတည်ငြိမ်မှုကို ဖြစ်စေပါသည်။ သတင်းတစ်ခုကိုယုံကြည်၍ တစ်ခုခုမလုပ်ဆောင်မီတွင် မိမိ၏ သူငယ်ချင်း(သို့) မိသားစုကို တိုင်ပင်မေးမြန်းသင့်သည်။ ထို့အပြင် ငွေကြေးတန်ဖိုးနှင့်

ကုန်စည်များ၏ဈေးနှုန်းများ ရုတ်တရက်တက်ခြင်း၊ ကျခြင်းများရှိနိုင်သည်ကို အခွင့်အရေးအဖြစ်မမှတ်ယူဘဲ စွန့်စားရမှုများသော ရင်းနှီးမြှုပ်နှံမှုအဖြစ်သာ မှတ်ယူသင့်ပါသည်။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းဝယ်လိုအားကိုသာ အားကိုးပါ။ စားသောက်ကုန်ကဲ့သို့သော အခြေခံကုန်စည်များမှာ ပြည်တွင်းဝယ်လိုအားရှိသည့်အတွက် ပြန်လည်ရုန်းကန်နိုင်စွမ်းရှိပါသည်။ သို့သော် ပြည်ပဝယ်လိုအားကိုမှီခိုနေရသော စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းဝယ်လိုအားကိုသာ ပြန်လည်ရှာဖွေရမည့် အခြေအနေဖြစ်သည်။

(ဃ) ဒစ်ဂျစ်တယ်စီးပွားရေး တည်ဆောက်ပါ။ မိသားစု တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းပင် ဖြစ်စေကာမူ လက်တွေ့ကျသည့် ဖေ့ဘုတ်လူမှုကွန်ယက်တွင် မိမိလုပ်ငန်း၏ စာမျက်နှာဖွင့်လှစ်ခြင်းသည်လည်း အခွင့်အလမ်းတစ်ခုကိုဖန်တီးခြင်းပင်ဖြစ်သည်။ ထို့အပြင် ငွေလွှဲ၊ ငွေထုတ်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အွန်လိုင်းဘဏ်စနစ်ကို ကြိုးစား၍ မဖြစ်မနေအသုံးပြုသင့်သည်။

(င) ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါ။ ဝန်ဆောင်မှုလုပ်ငန်းများစတင်နိုင်ရန်အတွက် ကျွမ်းကျင်မှုအပေါ် အခြေခံနိုင်သလို၊ ဝန်ဆောင်မှုလုပ်ငန်းများသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် များစွာ လုပ်နိုင်ကိုင်နိုင်သော အခြေအနေရှိသည်။ ဥပမာအားဖြင့် ဘာသာစကားသင်တန်းဖွင့်လှစ်ခြင်း၊ အချိန်ပိုင်းအွန်လိုင်း စာရင်းကိုင်လုပ်ခြင်း၊ အစားအသောက်နှင့် အိမ်သုံးပစ္စည်းများပို့ဆောင်ခြင်း၊ အိမ်တိုင်ရာရောက် ဆံပင်ညှပ်ခြင်း စသဖြင့် စွန့်ဦးတီထွင်သော နည်းလမ်းများဖြင့် စဉ်းစား၍ စွန့်စားခြင်းဖြင့် အကျပ်အတည်းကာလကို ဖြတ်ကျော်နိုင်ပါသည်။

နောက်ဆက်တွဲ

၂၀၂၀ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်သော အဓိက အချက်အလက်များ

| စဉ် | အချက်အလက်ခေါင်းစဉ် | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေ | ၅၁၄၈၆၂၅၃ | - |
| ၂။ | မဲပေးခွင့်ရှိသူ လူဦးရေ | ၃၈၂၇၁၄၄၇ | - |
| ၃။ | မဲပေးခဲ့သော လူဦးရေ | ၂၇၅၁၂၈၅၅ | မဲပေးခဲ့သည့်ရာခိုင်နှုန်း ၇၂ရာခိုင်နှုန်း |
| ၄။ | တပ်မတော်မှ မဲစာရင်းမှားယွင်းမှုဖြစ်နေသည်ဟု စိစစ်တွေ့ရှိသည့် လူဦးရေ | ၁၀၄၈၂၁၁၆ | မဲပေးခွင့်ရှိသူလူဦးရေတွင် မှားယွင်းမှုဖြစ်နိုင်သည့် လူဦးရေ ၂၇ရာခိုင်နှုန်း |
| ၅။ | လွှတ်တော်အသီးသီးတွင် အနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ် ဦးရေ | ၁၁၁၇ | - |
| ၆။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ် ဦးရေ | ၉၂၀ | ၈၂ရာခိုင်နှုန်း |
| ၇။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်ဦးရေ | ၇၁ | ၆ရာခိုင်နှုန်း |
| ၈။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်ဦးရေ | ၄၂ | ၄ရာခိုင်နှုန်း |
| ၉။ | အခြားပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားပြုအနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်ဦးရေ | ၈၄ | ၈ရာခိုင်နှုန်း |

မှတ်ချက်၊ စဉ်၄၏ မှားယွင်းနိုင်သော မဲစာရင်းတွင် မူလမဲစာရင်းအရေအတွက်ကိုပါ ထည့်သွင်းတွက်ချက်ထားပါသည်။

ရင်းမြစ်များ၊

(၁) ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်၊ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ (၂-က)၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၅ခုနှစ်၊ မေလ

(၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၂၆၆/၂၀၂၀)၊ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ၊ ၁၇ရက်)

(၃) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း၊ ၁ရက်၊ ဒီဇင်ဘာလ၊ ၂၀၂၀ခုနှစ်

(၄) တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၊ တိုင်းဒေသကြီး ပြည်နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန်စစ်ဆေးမှု(Cross Check)အရ စိစစ်တွေ့ရှိချက်အပါအဝင် မဲစာရင်း စိစစ်တွေ့ရှိစုစုပေါင်း ထုတ်ပြန်ချက်၊ ရက်စွဲ၊ ၂၈ရက်၊ ဇန်နဝါရီလ၊ ၂၀၂၁ခုနှစ်

## ကိုးကားများ


[1] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကြေညာချက်အမှတ် (၁/၂၀၂၁)၊ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ရက်

[2] US threatens to impose sanctions on Myanmar after military coup, https://www.ft.com/content/1934605c-ecf1-4e7b-aac7-45ad8031b879

[3] Ministry of commerce, the Republic of the Union of Myanmar, https://www.commerce.gov.mm/en/article/national-trade-situation-myanmar-2011-2012-fical-year-2020-2021-fical-year-november-monthly

[4] Foreign investment of Permitted Enterprise from FY 2016-2017 to 2020-2021 (December), DICA

[5] Foreign investment of Permitted Enterprise from FY 2016-2017 to 2020-2021 (December), DICA

ဒီမိုကရေစီနည်းကျ နိုင်ငံရေးစနစ်တွင်သာလျှင် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပေါ်ထွန်းနိုင်ပါသည်။

Inya
Economics